Address:
P.O. Box 201, Prasingh,
Chiang Mai, Thailand 50200

Email: shanhumanrights@gmail.com
Website: www.shanhumanrights.org
Phone: +66 (0)93- 297-7754

**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် မှ နောက်ဆုံးရသတင်း စာအမှတ်( ၄/၁၇ )**

**မေလ ၂၅ ရက်နေ့ ၂၀၁၇ ခု။**

**မိုင်းကိုင်မြို့နယ်ရှိ ကျောက်မီးသွေးကိုဆက်လက်တူးဖော်ခြင်းသည် ရှမ်းပြည်နယ် တောင်ပိုင်း ၏ ရေအရင်းအမြစ်အပေါ် ဆိုးကျိုးများသက်ရောက်စေ။**

ပြည်သူလူထုတွေဆန္ဒပြ နေသည့်ကြားကမိုင်းကိုင်မြို့နယ်ရှိကျောက်မီးသွေးကိုကုမ္ပဏီ နှစ်ခု ဆက်လက်တူးဖော်ဖို့ ဆုံးဖြတ်ချက်ချခြင်းသည် ထောင်ချီသောလယ်သမားများ မှီခိုအားထား နေရသော ရှမ်းပြည်နယ်တောင်ပိုင်းရှိ နမ့်တိန်းမြစ်ဖြားကိုဖျက်ဆီးရာရောက်သည်။

ပြည့်အောင်ဟိန်း နှင့် ဟိန်းမေတ္တာကုမ္ပဏီ နှစ်ခုကို 2014 ခုနှစ်တွင် နေပြည်တော်မှ မိုင်းကိုင်မြို့အရှေ့တောင်ဖက်၂မိုင်အကွာမှာ ကျောက်မီးတွေးတူးဖော်ခွင့်နေရာပေးထားခဲ့ခြင်းဖြစ် သည်။ ကျောက်မီးတွေးတူးဖော်သည့်နေရာသည် နမ့်တိန်းမြစ် ဖျားအနီးတွင်ဖြစ်ပြီး အဆိုပါမြစ်သည် မိုင်းကိုင်မြို့နယ် မှ လဲချား၊ နမ့်စန်၊ ကျိုင်းတောင်း၊ လင်းခေး မြို့နယ် တို့ကို ဖြတ်သန်းစီးဆင်း သွားပြီးသံလွင် မြစ်ထဲသို့ စီးဝင်သည်။

အရေးပါသောမြစ်ချောင်းကို ထိခိုက်မည်ဆိုသောကြောင့် မိုင်းကိုင်မြို့ဒေသခံများက ကျောက်မီးသွေး တူးမည့် အစီအစဉ် အစကတည်းက ဆန့်ကျင်လာခဲ့ခြင်းဖြစ်ပါသည်။ ကျောက်မီးသွေးတူးဖော် နေသည့်ကုမ္ပဏီ ၊ RCSS/SSA ၊သစ်တောဦးစီးဌာန ၊ ရဲနှင့် မိုင်းကိုင်မြို့ရှိ တပ်ရင်းတို့ထံ စာရေးတင် ပြခြင်းဖြင့် ကျောက်မီးသွေးတူးဖော်ခြင်းရပ်တန့်ဖို့ နိုးဆော်ခဲ့သည်။


သို့သော် ၂၀၁၅ ဒီဇင်ဘာလ တွင် အဆိုပါ ကုမ္ပဏီ နှစ်ခုသည် နေပြည်တော်မှ ၅ နှစ်တာတူးဖော်ခွင့် ဧက၂၀၀ ချပေးခဲ့သည်။ ၂၀၁၇ ဇန်နဝါရီမှစတင်တူးဖော်ခဲ့ခြင်းဖြစ်သည်။

ကျောက်မီးသွေးတူးဖော်သည့်နေရာသည် သစ်တောထူထပ်သောတောတောင် နှင့် နမ့်ပှေသိမ်၊ နမ့်ပှေမာ၊ နမ့်ကုန်းလွန်း စသောစမ်းချောင်းတို့သည် နမ့်ခီစန်ချောင်းထံ စီးဝင်ပြီး နမ်းတိန်းဆီသို့ စီးဆင်းသည်။ အဆိုပါ နမ့်ခီစန်ချောင်းတစ်လျောက်နှင့်အနီးနားရှိ တောင်ကုန်းများပေါ်တွင် ဒေသခံများ၏ စပါးများ ၊ ပြောင်းဖူး၊ မြေပဲ၊ ဖရဲသီး နှင့် နာနတ်သီးစိုက်ခင်း များစွာရှိသည်။ နာနတ်သီး စိုက်ခင်းမှတစ်ဆင့် အိမ်ထောင်စုတစ်စုလျှင် ၁၅ သိန်းခန့်ကိုနှစ်စဉ် ရရှိနေသည်။

ကျောက်မီးသွေးတူးဖော်နေသည့် ထင်းရှူးတောသည် ဒေသခံများဆွေစဉ်မျိုးဆက် သွားလာရှာဖွေစားသောက် ကာထိန်းသိမ်းစောင့်ရှောက် နေသည့်တောတောင်ဖြစ်သည်။ ထိုထင်းရှူးတောတွင် တောဟင်းသီးဟင်းရွက်နှင့် မှိုများစွာရှိသည်။ သစ်ကိုင်းခြောက်များကို ယူဆောင်ခြင်းသာခွင့်ပြုပြီး သစ်ပင်ခုတ်ခြင်းကို တားမြစ်ထားသည်။ သို့သော် ယခုနှစ် ဖေဖော်ဝါရီလအတွင်း ကုမ္ပဏီသည် ၆.၆ ဧကခန့်ကို ခုတ်ဖြတ်ပြီးသူတို့အလုပ်သမားများ နေထိုင်ရန်အသုံးပြုသည်။ လက်ကျန်ကိုဒေသခံထံ ဈေးပေါပေါ ဖြင့် ပြန်ရောင်းခဲ့သေးသည်။

တန်ချိန်ထောင်ချီသော ကျောက်မီးသွေးများကို တူးဖော်လျက်ရှိပြီး သတ္တုတွင်းနေရာမှာတင် စုပုံထားရာ နမ့်ခီစန် ချောင်းထဲသို့စီးဝင်မည့် ရေချောင်းကို ပိတ်ဆို့စေခဲ့သည်။ မိုးရွာသည့်ချိန်တွင် ထိုစွန့်ပစ်မြေစာများကို မိုးရေတိုက်စားလာပြီး တောင်သူလယ်သမားများ၏ လယ်ယာမြေနှင့် ကောက်ပဲသီးနှံစိုက်ပျိုးနေသောမြေနေရာများ ထိခိုက်လာလိမ့်မည်ကို စိုးရိမ်နေကြသည်။

နမ့်တိန်းချောင်းပြမြေပုံ







သတ္တုတူးဖော်နေသည့်နေရာ

သတ္တုတူးဖော်သည့် တည်နေရာထဲတွင် စုပုံထားသောကျောက်မီးသွေးများ

မိုင်းကိုင်မြို့နယ် ရပ်ကွက် ၇ မှ လယ်သမား က "ကျောက်မီးသွေးကနေ ထွက်လာတဲ့ မြေစာပုံတွေက ဒီနမ့်ဟွေသိမ်ချောင်းဘေး စီးပုံထားတယ်။ ပြီးတော့ချောင်းဘေးမှာလဲသူတို့ စွန့်ပစ်ပစ္စည်းတွေပုံထားတယ်။ ဒါတွေက ကျွန်တော်တို့ လယ်တွေဆီထိခိုက်လာမည့် ဆိုးကျိုးဖြစ်စေတယ်။ ပြီးတော့ ဒီလယ်မှာလုပ် ကိုင်လာတာဆွေစင်မျိုးဆက် ၅ ဆက် ရှိပြီ" ဟုပြောပါသည်။

ကျောက်မီးသွေးတူးဖော်နေသည့်နေရာအနီးတွင် အောက်ပါရွာမှလယ်သမားများ၏ လယ်ယာများရှိရာဖြစ်သည်။ ဖောင်းမိန်း (အိမ်ထောင်စု ၅၀)၊ မက်လန်း(အိမ်ထောင်စု ၄၀)၊ ဝမ်ဒီး(အိမ်ထောင်စု ၄၀)၊ ကုန်းဆုံ (အိမ်ထောင်စု ၂၀)၊ ဝိန်းငင်း(အိမ်ထောင်စု ၇၀) လွယ်ရှိ(အိမ်ထောင်စု ၄၀)၊ လွယ်ပူတောက်(အိမ်ထောင်စု ၈၀)၊ ကွန်ပန် (အိမ်ထောင်စု ၅၀)နှင့် ဝမ်ကွေ့ (အိမ်ထောင်စု ၃၀) တို့ဖြစ်သည်။ အများစုမှာ ၁၉၉၆-၇ တွင် အစိုးရစစ်တပ်က ရှမ်းစစ်သားတွေကိုရိက္ခာဖြတ်လိုသည့်အနေဖြင့် မိုင်းကိုင်မြို့ ရပ်ကွက် ၇ ကို အတင်းအကျပ် ရွှေ့ပြောင်းစေခဲ့သည်။ မိုင်းကိုင်မြို့သို့ ပြောင်းရွှေ့လာရသော်လည်း မူလ လယ်ယာဖြစ်သည့် ယခုကျောက်မီးသွေးလုပ်ငန်းခွင်နှင့် နီးသောနေရာမှာသာလုပ်ကိုင်ခဲ့ကြသည်။

ဒေသခံများက ကျောက်မီးသွေးအညစ်အကြေးများကြောင့် မြစ်ချောင်းများညစ်ညမ်းသွားသည့်အပြင် နမ့်တိန်းချာင်းအတွင်းရှိ ငါးများနှင့်အခြားရေနေသတ္တဝါ များပျောက်ကွယ်သွားမှာကိုလည်း စိုးရိမ်နေသည်။ ဒေသခံများဝမ်းစာအတွက် ဤ ချောင်းမှတစ်ဆင့် ရရှိခြင်းဖြစ်သည်။

ကျောက်မီးသွေးများကိုတင်ပို့သွားလာခြင်းမရှိသေးသော်လည်း အစီးရေ ၁၀၀ ကျော်သော ၁၀ ဘီးကားများ ရွာထဲသို့ဖြတ်သန်းသွားလာ ၍ လေထုညစ်ညမ်းခြင်း၊ လမ်းများပျက်စီးခြင်း၊ လမ်းလုံခြုံမှု မရှိခြင်းတို့ဖြစ်မှာကို စိုးရိမ်နေကြသည်။ ကျောက်မီးသွေးများကို ဘယ်နေရာသို့ သယ်ယူပို့ဆောင်မည်ကို အတိအကျမသိသေးသော်လဲရှမ်းပြည်နယ်မြောက်ပိုင်းလားရှိုး နှင့်ကျောက်မဲဘက်သို့ ပို့မည်ဟုကောလဟာလထွက်ပေါ်နေသည်။



ရှမ်းပြည်နယ်တောင်ပိုင်း တွင်းရှိ တိန်းချောင်းမြစ်

လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုအပေါ် စိုးရိမ်သောကြောင့် ဒေသခံရပ်ရွာလူထုခေါင်းဆောင် က ဦးဆောင်၍ သတ္တုတူးဖော်ရေးကုမ္ပဏီကိုဧပြီလ ၁၁၊ ၂၀၁၇ တွင် အကြီးအကျယ် ဆန္ဒပြရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ဆန္ဒပြမည့်ရက်မတိုင်ခင် တွင် ဆန္ဒပြမည်ကိုလော်စပီကာမှတစ်ဆင့်နှိုးဆော်ခဲ့ပြီး လက်ကမ်းစာဆောင်များကိုလည်း မိုင်းကိုင်မြို့ ရပ်ကွက် ၇ ၊ ဝမ်ယတ် ၊ကတ်ဖွီး ၊ဝိန်ငင်းလမ်းတစ်လျှောက်တွင်လည်းဝေခဲ့သည်။

ဧပြီလ ၁၁၊ ၂၀၁၇ တွင် ဒေသခံရွာသူရွာသား၊ ဘုန်းကြီး၊ ဒေသခံအာဏာပိုင် နှင့် လုင်းစိုင်းလုင် SNLD လွှတ်တော်ကိုယ်စားလှယ်အမတ်တို့ ပါဝင်သောလူအင်အား ၄၀၀၀ ခန့် ဖြင့်ဆန္ဒ ပြသည်။ မိုင်းကိုင်မြို့ ရှိမွေတော်စေတီတော်ကျောင်းတွင် ဦးစွာစုစည်းပြီးကျောက်မီးသွေးလုပ်ငန်းခွင် နှင့်နီးသောဝမ်လွယ်ရှိ ့ ၊ ဝမ်ယတ် မြောက်ဘက်ရှိ နတ်နန်းဆီသို့ဦးတည်ခဲ့သည်။ ထိုနတ်နန်းတွင် ဒေသခံများ၏ဆန့်ကျင်မှုကိုမနားထောင်သောသူတို့ကို ကျိန်ဆဲသည့်အခမ်းအနားကျင်းပခဲ့သည်။ ပြီးတော့ ကျောင်းမီးသွေး လုပ်ငန်းခွင်သို့ ဦးတည်ခဲ့သည်။



*ဧပြီလ ၁၁ ရက်နေ့ ၂၀၁၇ တွင် ဒေသခံပြည်သူလူထုများ ကန့်ကွက်ဆန္ဒပြနေသည့်ပုံ*

ဆန္ဒပြပွဲဦးဆောင်သူကအကြမ်းမဖက်ပဲဆန္ဒပြဖို့သတိပေးထားသော်လဲထိုလုပ်ငန်းခွင်သို့ရောက်သွားသည်နှင့် အချို့သောဆန္ဒပြသူများက ကုမ္ပဏီပိုင်ကားများကိုရိုက်ခွဲဖျက်စီးခြင်းများပြုလုပ်ခဲ့သည်။




*ကုမ္ပဏီမှ ပြုလုပ်လိုက်သော စစ်ဆေးရေးဂိတ်*

နောက်နှစ်ရက်အကြာဧပြီလ ၁၃၊ မွန်းလွဲ၅:၃၀တွင် ပြည့်အောင်ဟိန်းနှင့် ဟိန်းမေတ္တာ မှ ကိုယ်စားလှယ် နှစ်ယောက် ( နန်းဟန် နှင့် လုင်းထွန်း) တို့ သည် ဒေသခံ အယောက် ၅၀၊ ဘုန်းကြီး၊ လုင်းစိုင်းလုင် ၊ ရပ်ကွက် ၃ ဥက္ကဌ၊ ရွာသူကြီးနှင့် လုင်းတေဝိင် တို့သည် မိုင်းကိုင်မြို့ရပ်ကွက် ၄ ရှိ ပန်ကတ် တွင် အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအရ တစ်လအတွင်း မေလ ၁၃၊ ၂၀၁၇ တွင်ကျောက်မီးသွေးတူးဖော်မှုရပ်ဆိုင်းမည်ဟု ကတိပေးခဲ့သည်။

သို့သော် ကုမ္ပဏီသည် ဒေသခံထံပေးထားသောကတိကို ချိုးဖောက်ခဲ့သည်။ မထွက်ခွာသည့် အပြင် ခြံစည်းရိုးခတ်ခြင်း၊ စစ်ဆေးရေးဂိတ်များထားရှိခြင်းများပြုလုပ်ပြီး ဆက်လက်တူးဖော် ကာနမ့်ခီစန်ရဲ့ ရေဝေကုန်းတန်းကိုဖျက်စီးနေသည်။

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်သည် ပြည်သူလူထုဒီလောက်ထိဆန့်ကျင်ပြသည့်ကြားက ဆက်လက်တူးဖော်နေသောကုမ္ပဏီသည် ပြည်သူလူထုကိုအရေးမလုပ်သည်သာမက သဘာဝပတ်ဝန်းကျင်ကိုဂရုမစိုက်သော ကြောင့် ကျနုပ်တို့ရှုတ်ချသည်။

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်က ကျောက်မီးသွေးတူးဖော်သည့် စီမံကိန်းကိုချက်ချင်းရပ်ရန် တောင်းဆိုသည်။ ပဋိပက္ခတွေကို စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖက်ဒရယ် စနစ်အရ တိုင်းရင်းသားဒေသများ၌ သဘာဝသယံဇာတများအား ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ထိန်းသိမ်းပိုင်ခွင့်မရှိသည့်ကာလတွင် သဘာဝသယံဇာတများထုတ်ယူခြင်းအားလုံးကို ဆိုင်းငံ့ထားရန် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ တောင်းဆိုသည်။

ဆက်သွယ်ရန်လိပ်စာ

စိုင်းဟော်ရှဲန် +၆၆(၀) ၆၂-၉၄၁-၉၆၀၀ ( ရှမ်း၊ အင်္ဂလိပ်)
စိုင်းကွန်းလောဝ်း +၆၆(၀) ၆၅-၀၂၆-၆၁၀၄ ( ဗမာ၊ အင်္ဂလိပ်)
နန်းလွန့်လှိုင်း +၆၆(၀) ၉၃-၂၉၇-၇၇၅၄ ( ဗမာ၊ အင်္ဂလိပ်)